၂၀၂၆ ခုနှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး

## ပျင်းရိခြင်းကို အနိုင်ယူကာ ဘဝရည်မှန်းချက် ပန်းတိုင်သို့ အရောက်လှမ်းကြရမည်

ပျင်းရိခြင်းသည် လုံ့လဝီရိယရှိခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ပျင်းရိခြင်းဟူသည် ပြုသင့်၊ ပြုထိုက်၊ လုပ်သင့်၊ လုပ်ထိုက်သည့် ကိစ္စတို့တွင် ထကြွလုံ့လမရှိဘဲ နှောင့်နှေးကြန့်ကြာခြင်း၊ အချိန်ရွှေ့ခြင်း၊ လျော့တိလျော့ရဲ ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့အလုပ်အကိုင် အကြံအစည်တို့တွင် တက်တက်ကြွကြွမရှိဘဲ ဖင့်နွှဲ ရွှေ့ဆိုင်းခြင်းသည် လူတိုင်းလူတိုင်းအတွက် တိုးတက်အောင်မြင်ရေးလမ်းတွင် အလွဲလွဲအချော်ချော်ဖြစ်စေနိုင်ပြီး အကျိုးမဲ့သည့် ရလဒ်များကို ဖြစ်ပေါ်စေသည်။

ပျင်းရိခြင်းသည် လူတစ်ဦး၏ နေ့စဉ်ဘဝတွင် တစ်စတစ်စ အမြစ်တွယ်လာပါက ထိုသူ၏ဘဝတစ်လျှောက်လုံးကို ပျက်စီးအောင် ဖျက်စီးလာမည်ဖြစ်သည်။လောကနီတိကျမ်းတွင်လည်း "ပျင်းရိသောသူသည်အတတ်ပညာ အဘယ်မှာတတ်မြောက်ပါမည်နည်း"ဟု ဆိုထားသဖြင့် လောကဘဝဆုံးရှုံးနစ်နာခြင်း၏အကြောင်းအရင်းများတွင်လည်း ပျင်းရိခြင်းကိုရှေ့တန်းတင်ထားခဲ့ကြောင်း တွေ့နိုင်သည်။ ထို့ကြောင့် ပျင်းရိခြင်းကို အနိုင်ယူကာ ဘဝရည်မှန်းချက် ပန်းတိုင်သို့အရောက်လှမ်းကြရမည်ဖြစ်သည်။ စင်စစ်ပျင်းရိနေခြင်းသည် တန်ဖိုးရှိသော အချိန်များကိုဖြုန်းတီးလိုက်ခြင်းဖြစ်သည်။ ထိုအခါ မိမိကိုယ်မိမိ မလေးစားနိုင်၊ ကတိမတည်နိုင်၊ မိမိကတိကို မိမိမတည်သော သူသည် မည်သူအပေါ်တွင်မှ ကတိတည်နိုင်မည်မဟုတ်ပါ။ ထိုသို့ကတိမတည်သောသူ၊ ပျင်း၍ဖျင်းလာသောသူကို မည်သူကမျှ ယုံကြည်ကြမည်မဟုတ်ပါ။ လေးစားကြမည်မဟုတ်ပါ။ ထိုအခါ ရသင့်ရထိုက်သော တိုးတက်ရာတိုးတက်ကြောင်း အခွင့်အရေးတို့နှင့် မိုးနှင့်မြေလို ဝေးကွာနေမည်သာဖြစ်သည်။ အနောက်တိုင်း စကားပုံတစ်ခုကို ယနေ့ထိ စွဲထင်နေသည် "အပျင်းကို သတ်ပါ၊ အပျင်းကိုနိုင်ပါက ကမ္ဘာလောကကို နိုင်တော့၏"ဟု ဆိုထားသည်။ ပျင်းရိခြင်း၏ဆိုးပြစ်နှင့် ပျင်းရိမှုကို အောင်မြင်နိုင်ခြင်း၏ ကောင်းကျိုးတို့ကို လမ်းညွှန်ပြထားသည်။ ပျင်းရိခြင်း၏ဆိုးကျိုးကို သာဓကအားဖြင့် လူတစ်ဦးသည် အိပ်ရာမှထရမည့်အချိန်တွင် အပျင်းဆွဲကာ နောက်ကျမှထခြင်းဖြင့် တစ်နေ့လုံးအတွက် အဆင်မပြေဖြစ်ရတတ်သည်။ နာရီဝက်၊ တစ်နာရီခန့် အိပ်ရာထဲ အပျင်းခိုမိခြင်းကြောင့် ကျန်သောအချိန်အားလုံးတွင် တသီတတန်းကြီး နောက်ကျကုန်မည်ဖြစ်သည်။ တစ်နေ့တာအတွက် လုပ်ကိုင်ရန် ရည်မှန်းထားသောရည်မှန်းချက်များလည်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်မဟုတ်တော့ပါ။ ပျင်းရိခြင်းသည် လူတိုင်းလူတိုင်းအတွက် ကိုယ်ရည်ကိုယ်သွေးကို ဖျက်စီးပစ်နေသော အဖျက်တရားဖြစ်၍ ဤအဖျက်တရားကို မိမိတို့ အလေ့အကျင့် စရိုက်သဘာဝထဲသို့ ဝင်ရောက်မလာနိုင်အောင် အစဉ်သတိမူ တားဆီးကြရမည်ဖြစ်သည်။ ပညာဆည်းပူး၊ ပန်းသို့ခူးဆိုသည့် ပမာ ပန်းကိုရှာဖွေဆွတ်ခူးသကဲ့သို့ ပညာကိုကြိုးပမ်း ရှာဖွေဆည်းပူးရမည်သာဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ပညာရှာဖွေရာတွင် ပျင်းရိခြင်း ကင်းရမည်ဖြစ်သည်။ ပျင်းနေလျှင် ပညာတတ်လိမ့်မည် မဟုတ်ပါ၊ စာအုပ်ရှိ သမျှကိုဖတ်ရမည်။ သတင်းရှိသမျှကို နားထောင်ရမည်။ မှတ်သားသင့်သည့် အချက်အလက်များကို ရေးမှတ်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းအတွက်ပျင်းရိခြင်း၏ ဆိုးကျိုးများကို အစဉ်သတိမူ ကာကွယ်နိုင်ရန် အချိန်ကိုတန်ဖိုးထားခြင်း၊ မိမိကိုယ်နှင့်ပတ်ဝန်းကျင်ကို ကတိတည်ခြင်း၊ ထကြွလုံ့လရှိခြင်းတို့ဖြင့် ပျင်းရိခြင်းကို အနိုင်ယူကာ ဘဝရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

MONREC

UN environment programme



WORLD ENVIRONMENT DAY

#NowForClimate

" ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ "

"A Global Call for Climate Action"

## ချမ်းမြသာစည်မြို့နယ် လူထုအခြေပြု ဗဟိုဌာန၌ လူငယ်နှင့် ရသစာပေအကြောင်း အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂**

လူငယ်များစာပေဗဟုသုတ ပိုမိုလေ့လာဖတ်ရှုလာစေရန် ရည်ရွယ်၍ လူငယ်နှင့် ရသစာပေအကြောင်း အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က သုတစာပေနှင့် ရသစာပေ နှစ်မျိုးရှိသည့်အနက်မှ မည်သို့သောစာပေကို ပိုအလေးထားဖတ်သင့်သည်နှင့်ပတ်သက်၍ မေးမြန်းရာ စာရေးဆရာဦးဘုန်းဇော်မိုးက စာပေနယ်တွင် ရသစာပေနှင့် သုတစာပေဟူ၍ နှစ်မျိုးရှိကြောင်း၊ ရသစာပေသည် လူတစ်ယောက်၏ နှလုံးသားအာဟာရကို ပေးစွမ်း၍ လူသားများ ချစ်ခြင်းတရား၊ ကြင်နာခြင်းတရားတွေကို ပေးစွမ်းသောစာပေသည် ရသစာပေဖြစ်ကြောင်း၊ ပညာဖြစ်ဖို့ အထောက်အပံ့ပေးသော အကြောင်းအရာတစ်ခုကို စေ့စေ့စပ်စပ်လေ့လာနိုင်သည့် စာပေသည် သုတစာပေဖြစ်ကြောင်း၊ သုတစာပေသည် ဦးနှောက်ကိုအာဟာရဖြစ်စေသလို ရသစာပေသည်လည်း နှလုံးသားကို အာဟာရဖြစ်စေကြောင်း၊ သုတရသစာအုပ်များကို ဟန်ချက်ညီညီအမြဲမပြတ် လေ့လာဖတ်ရှုပါက လူငယ်တစ်ဦးအတွက် ဘဝအလင်းရောင်တစ်စောင်ဖြစ်ပြီး စာဖတ်ခြင်းအားဖြင့် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ဝေဖန်ပိုင်းခြားနိုင်ပြီး သူ့အတွက်ကိုယ့်အတွက် အတွေ့ပရကို မျှပြီးဖြည့်တွေးပေးနိုင်မည် ဟု အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်ဆက်)**

## အမရပူရမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် လျှပ်စစ်ဓာတ်အားများ ပိုမိုကောင်းမွန်စေရန် ထရန်စဖော်မာအသစ်များ တပ်ဆင်ဆောင်ရွက်

**မန္တလေး ဇွန် ၂**

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် အများပြည်သူများ အဆင်ပြေစေရန် လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်စေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက်နှင့် ဌာနပိုင်ထရန်စဖော်မာများ လောင်ကျွမ်းမှုမဖြစ်ပေါ်စေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးတို့အတွက် ထရန်စဖော်မာအသစ်များ တပ်ဆင်ခြင်းကို အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ဇွန် ၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ထရန်စဖော်မာအသစ်များ တပ်ဆင်ဆောင်ရွက်ရာတွင် အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ ရတနာ့ဂူ အလယ်ရှေ့တွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ နတ်ရေကန်ကျေးရွာ မြောက်ပိုင်းတွင် ၁၁/၀ ဒသမ ၄ ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမရပူရမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများက တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်ဆက်)**

## မြို့နယ်ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးစစ်ဆေး၊ ထမင်းဘူးများ ဝေငှ

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စည်သူကျော်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက မန္တလေးမြို့ပတ် ကမ်းနားလမ်းရှိ မော်တော်ယာဉ်များနှင့် မြို့တွင်းမော်တော်ယာဉ်များကို ယနေ့နံနက်ပိုင်းက ပြည်သူ့လုံခြုံရေးအတွက် စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ခင်မင်လေးစားမှုဖြင့် အလေးပြု၍ နှုတ်ခွန်းဆက်သခြင်း၊ ယဉ်ကျေးပျူငှာစွာပြောဆိုဆက်ဆံခြင်းများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ခရီးသွားပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များ၏ ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများတွင် ကြည်ဖြူစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။




ဆက်လက်ပြီး မဟာအောင်မြေမြို့နယ် မန္တလေးမြို့ပတ် ကမ်းနားလမ်းရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက နေ့လယ်စာအာဟာရဒါနအဖြစ် ထမင်းဘူးများကိုလည်း ဝေငှလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






## နော်ဝေအသင်းက ဆွီဒင်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် ဇွန် ၂

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် နော်ဝေအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက ဆွီဒင်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နော်ဝေအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ကိုးမိနစ်နှင့် ၃၇ မိနစ်တွင် စထရင်းလာဆန်၊ ပွဲချိန် ၁၈ မိနစ်တွင် နူဆာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နော်ဝေအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၈ ရက်တွင် မော်ရိုကိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## အာရီဂျနက်မှုရစ်ကို ဆက်ဆူအိုလိုအသင်း အပြီးသတ်ခေါ်ယူ

တူရင် ဇွန် ၂

စီးရီးအေကလပ် ဆက်ဆူအိုလိုအသင်းသည် အစ်ဆွစ်ချ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ဂိုးသမား အာရီဂျနက်မှုရစ်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂိုးသမားသည် ဆက်ဆူအိုလိုအသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ (ယာပုံ)

ဂိုးသမား အာရီဂျနက်မှုရစ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အစ်ဆွစ်ချ်အသင်းမှ ဆက်ဆူအိုလိုအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၃၂ပွဲ ကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆက်ဆူအိုလိုအသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(NGB)



## ရီကိုဟင်နရီ ဘရန့်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် ဇွန် ၂

ဘရန့်ဖို့ဒ်အသင်းသည် အသင်းနောက်ခံကစားသမားရီကိုဟင်နရီကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)



အဆိုပါ နောက်ခံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၉ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရီကိုဟင်နရီက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(NGB)

## နည်းပြ ဒေးဗစ်အန်ဆယ်လော့တီကို နည်းပြသစ်အဖြစ် လိုင်လီအသင်းခန့်အပ်

ပါရီ ဇွန် ၂

ပြင်သစ်လီဂူးကလပ် လိုင်လီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒေးဗစ်အန်ဆယ်လော့တီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၈ခု နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဒေးဗစ်အန်ဆယ်လော့တီသည် နည်းပြဘဝတစ်လျှောက်တွင် ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် လိုင်လီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ဒေးဗစ်အန်ဆယ်လော့တီအနေဖြင့် လာမည့် ဘောလုံးရာသီတွင် လိုင်လီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



### ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းဂိုးသမား လမ်းမန်းစ်သည် ပရီးမီးယားလိဂ်၏ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အကောင်းဆုံးအပြောင်းအရွှေ့ဆု Transfer of the Season ကို ဆွတ်ခူးရရှိခဲ့သည်။

* ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားအဖြစ် ပီအက်စ်ဂျီအသင်း တောင်ပံကစားသမား ခါဗာစကယ်လီယာက ရွေးချယ်ခြင်းခံခဲ့ရသည်။ (NGB)

## နည်းပြ ပီယာဆော့ဂျ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ခရစ္စတယ်ပဲလေ့စ်အသင်း ဆွေးနွေး

လန်ဒန် ဇွန် ၂

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နည်းပြ အိုလီဗာဂလက်စ်နာထွက်ခွာသွားခြင်းကြောင့် နည်းပြသစ်အဖြစ် နည်းပြ ပီယာဆော့ဂျ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ ပီယာဆော့ဂျ်သည် နည်းပြဘဝတစ်လျှောက်တွင် လိုင်ယွန်၊ ချမ်ဘရီ၊ လက်ရှိ လန်းစ်အသင်းတို့အား ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်းဖြစ်သည်။



နည်းပြ ပီယာဆော့ဂျ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်အသင်းတစ်သင်းကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နည်းပြ ပီယာဆော့ဂျ်အား ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ပက်ထရစ်ဝင်းမားကို ခေါ်ယူရန် ဘရိုက်တန်အသင်း စီစဉ်

လန်ဒန် ဇွန် ၂

ပရီးမီးယားလိဂ်ကလပ် ဘရိုက်တန်အသင်းသည် ဝုဖ်ဘတ်အသင်းတောင်ပံကစားသမားပက်ထရစ်ဝင်းမားကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဝုဖ်ဘတ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဝုဖ်ဘတ်အသင်းကလည်း ပက်ထရစ်ဝင်းမားအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘရိုက်တန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဝုဖ်ဘတ်အသင်းထံမှ ပက်ထရစ်ဝင်းမားကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဂျိမ်းစ်မီလ်နာ ဘောလုံးကစားသမားဘဝမှ အနားယူ



လန်ဒန် ဇွန် ၂

လီဗာပူးအသင်းနှင့် အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားဟောင်း ဂျိမ်းစ်မီလ်နာ ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ (ဝဲပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ အက်စတွန်ဗီလာ၊ လိဒ်စ်၊ နယူးကာဆယ်၊ မန်စီးတီး၊ ဘရိုက်တန်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၉ မှ ၂၀၁၆ခုနှစ်အတွင်း ပြိုင်ပွဲ ၆၁ ပွဲကစားကာ တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာသည် ပရီးမီးယားလိဂ်ပွဲပေါင်း ၆၅၈ ပွဲဖြင့် ပွဲအများဆုံးကစားသမားအဖြစ်လည်း စံချိန်မှတ်တမ်းများ ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂျိမ်းစ်မီလ်နာက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကိုယ်စားပြုခွင့်ရတဲ့အသင်းတိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘဝတစ်လျှောက်လုံး အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။ (NGB)

### နိုင်ငံတကာခြေစမ်းပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃-၆-၂၀၂၆ ည၁၁း၃၀နာရီ | ဂျီဘရော်လ်တာ - ဗြိတိန်ဗာဂျင်ကျွန်းစု |
| ၄-၆-၂၀၂၆ နံနက်၀၀း၃၀နာရီ | အယ်ဘေးနီးယား - အစ္စရေး |
| ။ | ဒိန်းမတ် - ဒီအာကွန်ဂို |
| ၄-၆-၂၀၂၆ နံနက် ၀၁း၁၅နာရီ | နယ်သာလန် - အယ်လ်ဂျီးရီးယား |
| ။ | လူဇင်ဘတ် - အီတလီ |
| ။ | ပိုလန် - နိုင်ဂျီးရီးယား |

## 2026 Roland Garros အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

ပါရီ ဇွန် ၂

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။(ယာပုံ)

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား Jesper de Jong အား ၇-၆၊ ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် စပိန်တင်းနစ်ကစားသမား Rafael Jodar တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောလက်ရွေးစင်အားကစားသမားများအား တွေ့ဆုံမှာကြား




**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောလက်ရွေးစင် အားကစားသမားများအား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးအစည်းဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦး၊ ဘော်လီဘောဆပ်ကော်မတီ-မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူးဦးမြင့်ဆွေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းအောင်နိုင်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေ(လက်ထောက်ညွှန်ကြားရေးမှူး-အား/ကာ သိပ္ပံ) နှင့် မန္တလေးတိုင်းဒေသကြီး လက်ရွေးစင်ဘော်လီဘောအသင်းအဖွဲ့ခေါင်းဆောင် ဦးဇော်ဦး (ဘဏ္ဍာရေးမှူး)နှင့် အသင်းအုပ်ချုပ်သူ နည်းပြဆရာများ၊ ဒိုင်လူကြီးနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဇွန် ၁၀ ရက်မှ၁၉ရက်အထိ ကျင်းပမည့် ၂၀၂၆ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးလက်ရွေးစင်အသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ ဒိုင်လူကြီး၊ ကစားသမားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြိုင်ပွဲတိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထိုက်ထိုက်တန်တန် ချီးမြှင့်အားပေးလျက်ရှိချိန်တွင် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောအသင်းတို့မှလည်း ရရှိထားသည့် အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားရှိပြီး တိုင်းဂုဏ်ဆောင်၍ ကြိုးကြိုးစားစားယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ကြရန် တိုက်တွန်းအားပေးမှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အသင်းအုပ်ချုပ်သူ ဦးကျော်စိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေက ဘော်လီဘော လက်ရွေးစင်အားကစားသမားများ စခန်းသွင်းရွေးချယ်လေ့ကျင့်ဆောင်ရွက်ခြင်းအခြေအနေများကို တင်ပြပြီး တိုင်းဒေသကြီးအား/ကာ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်မှ အုပ်ချုပ်သူ၊ နည်းပြများ သင်ကြားပြသမှုတို့ဖြင့် စည်းကမ်းအတိုင်း လိုက်နာယှဉ်ပြိုင်ဆောင်ရွက်ထားရှိမှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လိုအပ်သည်များ မှာကြားကာ အားကစားသမားများအား လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဂုဏ်ပြုဧည့်ခံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေ ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀
၀-၀-၀
၀-၀

## ဆေးရုံဝင်းအတွင်း မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဇွန် ၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အကွက်(၄၀)၊ ၇၄လမ်း၊ ၁လမ်းနှင့် ၂လမ်းကြားရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး(မန္တလေး)၌ မေ ၃၀ ရက် နံနက် ၇ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်ကော်မတီဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်နှင့် ဝန်ထမ်းများ၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး (မန္တလေး)မှ ဆေးရုံအုပ်ကြီး ဒေါ်မီမီနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊သန္နေ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများပူးပေါင်း၍ ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှား ရှင်းလင်းခြင်း၊ အဆောက်အအုံအား ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင်တင့်တယ်စေရေး၊ လေဝင်၊ လေထွက်ကောင်းမွန်စေရေးနှင့် အလင်းရောင်ရရှိရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လာရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(၀၇၀)**

## အစိုးရနည်းပညာကောလိပ်(မန္တလေး)၏ ဆဋ္ဌမအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂**

အစိုးရနည်းပညာကောလိပ် (မန္တလေး)၏ ဆဋ္ဌမအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ် ရပ်ကွက်ရှိ ပညာရေးကောလိပ်၊ ပညာတန်ဆောင်ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အစိုးရနည်းပညာကောလိပ်(မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး A.G.T.I ဒီပလိုမာအောင်လက်မှတ်ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးအား တစ်ဦးချင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။




အခမ်းအနားသို့ အစိုးရနည်းပညာကောလိပ်(မန္တလေး)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာယဉ်ယဉ်ဝင်းနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဒီပလိုမာအောင်လက်မှတ်တက်ရောက်ယူသူ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မိုးသီး**

## မန္တလေး အမှတ်(၅)အ.ထ.က(ဘီ-ဘီ-အို-အေ) ရာပြည့် မဂ္ဂဇင်းအတွက် စာမူဖိတ်ခေါ်

**မန္တလေး ဇွန် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀နှင့် လမ်း ၆၀ ထောင့်ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း(ဘီ-ဘီ-အို-အေ)ရာပြည့်မဂ္ဂဇင်းကို နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ထုတ်ဝေမည် ဖြစ်သည်။ အဆိုပါ မဂ္ဂဇင်းအတွက် ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေးနှင့် ဝတ္ထုတိုစာမူများကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ကျောင်းရုံးခန်းသို့ ရုံးဖွင့်ရက် ကျောင်းချိန်များတွင် ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမူပေးပို့ရာတွင် စာမူနှင့်အတူ Pyidaungsu Font ကို 14 Point ဖြင့် CD.DVD ဖြင့် ပေးပို့ရမည်ဖြစ်သည်။ စာမူတွင် အမည်၊ ကလောင်အမည်၊ ဆက်သွယ်ရန်လိပ်စာတို့ ပါရှိရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၄၃၁၆၆၈၆၉၊ ၀၉-၂၀၂၂၆၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကဆ)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

ကန်တော်ကြီး မန္တလာ ဥယျာဉ်သာယာ
ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊ မန်းပျိုဖြူလှယဉ်ကျေးတို့ နားနေ ချွေးသိပ်။

## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ရေခဲပြင်ပေါ်က တောင်နဂါးကြီး
စာရေးသူ - ဖိုးကျော့
ထုတ်ဝေသည့်စာပေတိုက် - စာစည်းစိမ်စာပေ
တန်ဖိုး - ၆၅၀၀ ကျပ်
စာမျက်နှာ - ၁၇၄ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ (ဒုတိယအကြိမ်)



ဆရာဖိုးကျော့၏ စွန့်စားခန်း မုဆိုး ဝတ္ထုများဖြစ်ပြီး ဝတ္ထုတို ၁၇ ပုဒ် စုစည်းထားသည်။ ၂၀၀၆ ခုနှစ်တွင် ထွက်ရှိခဲ့သော ဇေယျာမြေစာပေတိုက်၏ ပထမအကြိမ် မူအတိုင်း ပြန်လည်ရိုက်နှိပ် ထုတ်ဝေသည်။

စာအုပ်တွင် မုဆိုးဘဝ၏ စွန့်စားခန်းများ၊ တောနက်ကြီးထဲက သည်းထိတ်ရင်ဖို အဖြစ်အပျက်များ၊ လူ့စိတ်သဘောနှင့် သဘာဝတရားကြားထဲမှ ရင်ခုန်စိတ်လှုပ်ရှားဖွယ်အကြောင်းအရာများ ဖတ်ရှုရမည် ဖြစ်ပါသည်။

ဝတ္ထုများကို ဖတ်နေရင်း တောအုပ်ကြီးထဲသို့ ကိုယ်တိုင်ရောက်ရှိသွားသလို ခံစားရမည်ဖြစ်သည်။ ဝတ္ထုဇာတ်လမ်း၏ နောက်ဖြစ်မည့် အကြောင်းအရာဘယ်လိုဖြစ်မည်ကို သိရှိစေရန် စွဲဆောင်မှုကောင်းသော စိတ်ဝင်စားဖွယ် ဝတ္ထုတိုများဖြစ်သည်။ မုဆိုးဝတ္ထု ကြိုက်နှစ်သက်သူများ ဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် - ၁၂ ကြိုးကဝေ
စာရေးသူ - မြစကြာ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၄၅၀၀ ကျပ်
စာမျက်နှာ - ၄၀၄ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဧပြီလ (ဒုတိယအကြိမ်)

၁၉၅၆ ခုနှစ် ဦးဘရီနှင့်သား၊ သမီးများ စာပေတိုက်၏ ပထမအကြိမ် မူအတိုင်း ပြန်လည်ရိုက်နှိပ် ထုတ်ဝေခြင်းဖြစ်ပြီး စုန်း၊ ကဝေ ဝတ္ထုစာအုပ်ဖြစ်သည်။

စာအုပ်တွင် ကဝေရန်ကို ရှောင်ကွင်းအနိုင်ယူရေး၊ အထက်လမ်းဆရာကြီးများ၏ စောင့်ရှောက်ကူညီမှုဖြင့် ဘေးအန္တရာယ်အသွယ်သွယ် ဖြတ်ကျော်ကာ နောက်ဆုံးလိုရာပန်းတိုင် အရောက်လှမ်းနိုင်ပုံကို အသည်းတထိတ်ထိတ် ရင်တဖိုဖို ရေးဖွဲ့ထားသည်။

(ဝီရရသ)ရဲရင့်ခြင်း၊ (ဘယာနကရသ)ကြောက်ရွံ့ခြင်း၊ (ဝိဘစ္ဆရသ)စက်ဆုပ်ခြင်း၊ (ရုဒ္ဒရသ)ကြမ်းကြုတ်ခက်ထန်ခြင်း၊ (သန္တရသ)ငြိမ်းအေးခြင်း စသည့် ရသများကို ဤဝတ္ထုတွင် ဖတ်ရှုခံစားရမည်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။



**ပလငါးတန်ပွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။**

## ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**ဟိုပုံး ဇွန် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်မည့် စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက မြစိမ်းရောင်ကျေးရွာစီမံကိန်း (MSY)ဆောင်ရွက်မည့် လွယ်တန့်ကျေးရွာကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ကောင်းချစ်ထွန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့် ကျောက္ကချားကျေးရွာကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ညီမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် နောင်ခါးကျေးရွာကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ဒီဂေါလ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ထမ်စမ်းကျေးရွာကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကျော်အေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် လွယ်တောင်ကျေးရွာကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွင်လွင်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် လွယ်လွမ့်ကျေးရွာကိုလည်းကောင်း ရန်ပုံငွေများ အသီးသီး ပေးအပ်ခဲ့ကြပြီး ကျေးရွာကော်မတီတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**



ဖတ်စရာ၊ မှတ်စရာ စုံလင်

## ရောင်စုံပန်းကလေးများ ပွင့်တော့မည်

* အေးမြခြင်း နိမိတ်ဆောင်
မိုးရိပ်ရောင်ခြယ်
လျှပ်ပန်းနွယ်ယှဉ်
မကြာခင်မှာ
စာသင်ကျောင်းက
ခေါင်းလောင်းသံလွင်လွင်
နားဆင်ရတော့မယ် ။

* အဲ့ဒီနေ့ နံနက်ခင်း
မြင်ကွင်းလှပ
ကျောင်းရှေ့ပေါက်က
သန္တရသ ပန်းချီကား
လှုပ်ရှားသက်ဝင်
အဖြူတစ်ဝက်
အစိမ်းတစ်ဝက်
ဆေးစက်တွေ ဖြန့်ကြဲထားတာ
မြင်ရမယ် ။

* အဲ့ဒီနေ့ဟာ ...
မင်္ဂလာရှိတဲ့ နံနက်ခင်း
"ဝ"လုံး သီချင်းတွေ သီဆိုရင်း
"ဝ" ဝလုံးလေးတွေ
ဝိုင်းဝိုင်းရေးကြမယ် ။

* အဲ့ဒီနေ့ဟာ ...
အနာဂတ် အလင်းတံခါးဖွင့်
မျှော်လင့်ရင်ခုန်
ကျောင်းပရိဝုဏ်မှာ
စာအံသံတွေ လွင့်ပျံ့
ဘဝက်ထိ လျှံရှော့မယ် ။

* ဩော် ... အဲ့ဒီနေ့ဟာ
အလင်္ကာ
ဂုဏ်
ရသထုံသင်း
လေညင်းတမြမြ
တသ ကြည်နူး
အရုဏ်ဦးမှာ
ပန်းဖူးရောင်စုံ ပွင့်တော့မယ် ။ ။

သွယ်အောင်

